မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
December 18 , 2025 Volume 97 , Number 14

၁၈-၁၂-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၃.၃၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၆.၂၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၇.၄၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၆.၉၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၈.၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၂၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၃.၇၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၇၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း ၁၅ နှစ်ပြည့်ပြပွဲကို ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာတွင် ကျင်းပ




မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် ၇၅ ပြည့် အထိမ်းအမှတ်၊ မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း ၁၅ နှစ်ပြည့်ပြပွဲကို ရန်ကုန်မြို့ရှိ တရုတ်ယဉ်ကျေးမှုစင်တာတွင် ပြသလျက်ရှိကြောင်း သိရပါတယ်။

အဆိုပါ ပြပွဲကို ဒီဇင်ဘာလ ၁၂ ရက်နေ့မှ စတင်၍ ၁၈ ရက်နေ့အထိ အများပြည်သူအတွက် ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်ပြသပေးလျက်ရှိကြောင်း သိရပါတယ်။

ပြပွဲတွင် မှတ်တမ်းဓာတ်ပုံ ၂၀၀ နီးပါး၊အဖိုးတန်စာရွက်စာတမ်းနှင့် ပစ္စည်း ၃၀ ကျော်တို့မှတစ်ဆင့်မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေး သမိုင်းကြောင်းနှင့် လုပ်ငန်းလည်ပတ်အောင်မြင်မှုများကို ဖော်ပြထားကြောင်း သိရပါတယ်။

အလားတူ စွမ်းအင်ထောက်ပံ့ရေး၊ ပြည်သူ့အကျိုးပြု လူမှုဘဝ၊ လူရည်ချွန် မွေးထုတ်ရေးနှင့်ယဉ်ကျေးမှုဖလှယ်ရေးစသည့်နယ်ပယ်များတွင် စီမံကိန်း၏ အောင်မြင်သောရလဒ်များကို အဓိကဖော်ပြထားပြီး စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ရှင်းလင်းပြသထားကြောင်း သိရပါတယ်။

မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီက ကြီးမှူးကျင်းပသည့် "မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် ၇၅ ပြည့် အထိမ်းအမှတ်၊ မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း ၁၅ နှစ်ပြည့်ပြပွဲ"ကိုလည်း ဒီဇင်ဘာလ ၁၁ ရက်နေ့က ရန်ကုန်မြို့ရှိ Lotte ဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၃ ရက်နေ့တွင် တရားဝင်စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

**Source:** https://opinionleadersmedia.com/

## မကွေးတိုင်းဒေသကြီး၌ ခရမ်းချဉ်သီးအထွက်နှုန်းနည်းပြီး ဈေးမြင့်တက်



လက်ရှိ မကွေးတိုင်းဒေသကြီးအတွင်းမှာ ခရမ်းချဉ်သီး ထွက်ရှိတဲ့အချိန်ကာလဖြစ်ပေမဲ့ အခုနှစ်မှာစိုက်ပျိုးမှု နည်းပါး ပြီး အထွက်နှုန်းလည်းနည်းပါးတာကြောင့် ဈေးမြင့်တက်နေ တာ ဖြစ်တယ်လို့ ကုန်စိမ်းရောင်းချသူတွေ ဆီကသိရပါတယ်။

အရင်နှစ်တွေက ခရမ်းချဉ်သီးပေါ်ချိန်မှာ ဈေးကွက်မရရှိခဲ့ တာကြောင့် အခုနှစ်မှာ စိုက်ပျိုးမှုနည်းပါးလာတာဖြစ်တယ် လို့ လည်းပြောပါတယ်။

အရင်က ခရမ်းချဉ်သီးတစ်ပိဿာကိုငွေကျပ် ၃ထောင်ကျပ်ဝန်းကျင်လောက်သာရှိခဲ့ပေမဲ့ လက်ရှိမှာတော့ တစ်ပိဿာကို ကျပ် ၅၅၀၀ ကနေ ၆၀၀၀ ကျပ်ခန့်လောက်အထိ ဈေးမြင့်တက်လာတာပါ။

လက်ရှိ ခရမ်းချဉ်သီးဈေးမြင့်တက်တာမျိုး အရင်နှစ်တွေက မကြုံတွေ့ခဲ့ဖူးဘူးလို့လည်း ကုန်စိမ်းရောင်းချသူတွေထံက သိရ ပါတယ်။**Source :** https://onenewstvchannel.com/

## ကုလားပဲမျိုးစုံ အရောင်းအဝယ်သွက်နေ

TIR

ဒီဇင်ဘာလတတိယပတ်တွင်မန္တလေးကုန်စည်ဒိုင်၌ ပြည်တွင်းသုံးပဲဖြစ်သည့် ကုလားပဲမျိုးစုံမှာ ပြည်တွင်းပဲခွဲစက်များမှ ဝယ်ယူမှုများလာသည့်အတွက် လက်ကျန်နည်းပြီးအရောင်းအဝယ်သွက်နေကြောင်း သိရသည်။

ကုလားပဲ(V2) ၅၇ ဒသမ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၂၃၇,၀၀၀ကျပ်၊ယခင်တစ်ပတ် ကျပ် ၂၃၂,၀၀၀ မှ ၂၃၃,၀၀၀ ၊ ယခင်လ ၂၃၈,၀၀၀ ကျပ် ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၆၀၀၀ခန့် ဈေးမြင့်လာပြီး၊ ယခင်လ ထက် ၁၀၀၀ ကျပ် ခန့် ဈေးနိမ့်လာသည်။

ကုလားပဲ(V7) ၅၇ ဒသမ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၂၂၅,၀၀၀ ကျပ်၊ ယခင်တစ်ပတ် ကျပ် ၂၂၀,၀၀၀ မှ ၂၂၂,၀၀၀၊ ယခင်လ ၂၂၅,၀၀၀ ကျပ်ဖြစ်သည်။ ယခင် တစ်ပတ်ထက် ကျပ် ၃၀၀၀ မှ ၅၀၀၀ ခန့်ဈေးမြင့်တက်လာ ပြီး ၊ ယခင်လအတိုင်း ဈေးငြိမ်လျက်ရှိသည်။

ကုလားပဲ(ထိုင်ဝမ်) ၅၆ ဒသမ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၂၀,၀၀၀ မှ ၂၂၅,၀၀၀၊ ယခင် တစ်ပတ် ကျပ် ၂၂၀,၀၀၀ မှ ၂၂၃,၀၀၀၊ ယခင်လ ၂၂၈,၀၀၀ ကျပ်ဖြစ်သည်။ ယခင်တစ်ပတ်ထက် အနိမ့်စဈေးငြိမ်နေပြီး၊ အမြင့်စ ၂၀၀၀ ကျပ်ခန့်ဈေးမြင့်လာကာ ၊ ယခင်လထက် ကျပ် ၃၀၀၀ မှ ၈၀၀၀ ခန့် ဈေးနိမ့်လာသည်။

ကုလားပဲ(ဧ၂၉) ၅၆ ဒသမ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၃၆,၀၀၀ မှ ၂၃၈,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၃၀,၀၀၀ မှ ၂၃၂,၀၀၀၊ ယခင်လ ကျပ် ၂၃၇,၀၀၀ မှ ၂၃၈,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၆၀၀၀ ကျပ်ခန့်ဈေးမြင့် လာကာ၊ ယခင်လထက် အနိမ့်စ ၁၀၀၀ ကျပ်ခန့် ဈေးမြင့်လာပြီး အမြင့်စ ဈေးငြိမ်လျက်ရှိသည်။

Source : https://myantrade.gov.mm/

## ကျန်းမာရေးအကြောင်းပြုထန်းရည်ချိုသောက်သုံးမှု တွင်ကျယ်လာ




မန္တလေးမှာ ကျန်းမာရေးအကြောင်းပြုပြီး ထန်းရည်ချိုသောက်သုံးသည့် အလေ့ အထတစ်ခု တွင်တွင်ကျယ်ကျယ်ဖြစ်လာတဲ့အတွက် အရောင်းတွင်ကျယ်လာ ကြောင်း ထန်းတက်လုပ်ငန်းရှင်များထံက သိရပါတယ်။

ဆီးနှင့်ဝမ်းအတွက် ကျန်းမာရေးအထောက်အကူပြုစေသည်ဆိုသည်ဟု ဆိုကာ တွင်ကျယ်စွာသောက်သုံးလာကြခြင်းဖြစ်ကြောင်း သိရပါတယ်။

"ဆီးရှင်စေတယ်၊ ဝမ်းမှန်စေတယ်ဆိုပြီး လာဝယ်ကြတာပေါ့နော်၊ ဒီရက်ထဲ တစ်ရက်ခြားတစ်ခါလောက် ပုံမှန်လာဝယ်ကြတာတွေရှိတယ်၊ ဒီရာသီက ဆီးချုပ် ဝမ်းချုပ်အဖြစ်များတဲ့ ရာသီဆိုတော့ထန်းရည်ချိုပုံမှန်သောက်လာကြတယ်"ဟု

အမရပူရမြို့နယ်မှ ထန်းတက်တောင်သူတစ်ဦးက ပြောပါတယ်။

အမရပူရမြို့နယ်အတွင်းဖွင့်လှစ်ရောင်းချနေသည့် ထန်းရည်ဆိုင်များအတွက်၊ တစ်ရက်လျှင်ထန်းရည်ချို ဂါလန်(၈၀)ခန့် ထုတ်လုပ်ရောင်းချပေးနေရကြောင်း၊ အမရပူရတစ်မြို့တည်းတွင်ပင် ထန်းတောပိုင်ရှင် အယောက်နှစ်ဆယ်ထက်မနည်း ရှိကြောင်း၊ မန္တလေးမြို့သို့ အမရပူရ၊ တံတားဦးနှင့်မတ္တရာမြို့စသည့် မန္တလေးနှင့်အနီးဆုံးမြို့များမှ ထန်းရည်ချို တင်သွင်း ရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် မတ္တရာဘက်မှ အဝင်နည်းသွားကြောင်း သိရပါတယ်။

ထန်းရည်ချိုမှာ အေးမြပြီး၊ ချိုမြသောအရသာရှိကြောင်း၊ ဆီးနှင့်ဝမ်းအတွက် ကျန်းမာရေးအထောက်အကူပြုသည့်အတွက် သောက်သုံးသင့်ကြောင်း၊ မြန်မာနှင့်အိန္ဒိယရှေးဟောင်းတိုင်းရင်းဆေးကျမ်းများက ဆိုထားပါတယ်။

Source: https://opinionleadersmedia.com/

## တောင်ငူဒေသထွက် ရွှေဝါအမှတ်တံဆိပ်မြေပဲဆီ ဈေးနှုန်းဈေးကွက်



ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်အတွင်းတွင် မြို့နယ်အလိုက် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်း များစွာလုပ်ကိုင်ကြသော လုပ်ငန်းရှင်များစွာရှိပြီး လုပ်ငန်းပေါင်းများစွာအနက် တောင်ငူခရိုင်၊ ကျွန်းကုန်း ကျေးရွာတွင်တည်ရှိသော ခိုင်ရွှေဝါဆီစက်မှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော " ရွှေဝါပဲဆီသန့်" လုပ်ငန်းသည် နှစ်ပေါင်းများစွာမှ လက်ရှိကာလအထိ လူသိများကျော်ကြားလျက်ရှိပြီး လူကြိုက်များလှသော ဒေသထွက်ကုန် ပဲဆီသန့်တစ်မျိုးဖြစ်သည်။

ရွှေဝါအမှတ်တံဆိပ်ပဲဆီသန့်သည် ပဲဆီအနံ့မွှေးသောပစ္စည်းများကို ရောနှောထားခြင်းမရှိဘဲ ရာခိုင်နှုန်းပြည့်ဝသော ပဲဆီသန့်ဖြစ်သည့်အတွက် လူမျိုးဘာသာမရွေးစားသုံးနိုင်ပြီး ကျန်းမာရေးနှင့်လည်းအထူးသင့်တော်သည်။

ပဲဆီသန့်ထုတ်လုပ်ရာတွင်ကုန်ကြမ်းများကိုရေတာရှည်မြို့နှင့်လယ်ဝေးမြို့နယ်များမှ အများဆုံးဝယ်ယူရပြီး တောင်ငူခရိုင်အတွင်းနှင့်အနီးတစ်ဝိုက်ဒေသများမှရာသီကုန်ဆုံးချိန်ကုန်ကြမ်းများပြတ်လပ်ပါကမန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့မှ ဝယ်ယူရသည်။

မြေပဲဆီကို မြေပဲဆန်၂၆ ပိဿာခန့်ကြိတ်ခွဲပါက မြေပဲဆီ ၁၀ ပိဿာဝင်ဆံ့သော ဆီ ၁ ပုံး ရရှိပြီး ရရှိလာသော မြေပဲဆီများကို ၅၀ ကျပ်သားလျှင် ၉၀၀၀ ကျပ်၊ ၁ ပိဿာလျှင် ၁၇,၅၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိသည်။

၁၀ ပိဿာနှင့်အထက်ဝယ်ယူပါက ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ တောင်ငူခရိုင်အတွင်းတွင်လည်း ဆိုင်ခွဲများဖွင့်လှစ်ထားသည့်အပြင် တောင်ငူမြို့နှင့်အနီးတစ်ဝိုက် အခြားမြို့နယ်များသို့လည်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

Source: https://www.doca.gov.mm/

## ၂၀၂၆ ခုနှစ်တွင် ဟောင်ကောင်ဒေသပို့ကုန် ၉ ရာခိုင်နှုန်းတိုးတက်နိုင်ဖွယ်ရှိ

ဉာဏ်ရည်တု(AI)နှင့် ဆက်စပ်လျှပ်စစ်ထုတ်ကုန်များအား ဝယ်လိုအားသိသိသာသာမြင့်တက်ခြင်းကြောင့် လာမည့် ၂၀၂၆ ခုနှစ်တွင် ဟောင်ကောင်ဒေသ၏ ပို့ကုန်တင်ပို့မှု ၉ ရာခိုင်နှုန်းမြင့်တက်လာမည့် ခန့်မှန်းကြောင်း ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (HKTDC)မှ ထုတ်ပြန်သည့်အစီရင်ခံစာတွင် ဖော်ပြထားကြောင်း The Standard သတင်းဌာနမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်တွင် “HK exports to grow up to 9pc in 2026, boosted by AI-driven electronics demand” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဟောင်ကောင်ဒေသ၏ ပို့ကုန်တင်ပို့မှုတန်ဖိုးသည် ယခင်နှစ်အလားတူကာလထက် ၁၃ ဒသမ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းကြောင့် ၂၀၂၅ ခုနှစ် တစ်နှစ်လုံးအနေဖြင့် ၁၃ ရာခိုင်နှုန်းအထိ တိုးတက်

မည်ဟု HKTDC က ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

အကောက်ခွန်တိုးမြှင့်ကောက်ခံမှုကို ရှောင်လွှဲနိုင်ရန် ယခုနှစ်အစောပိုင်း၌ ကုန်စည်များကြိုတင်တင်ပို့ထားခြင်းကြောင့် လာမည့်နှစ် ပို့ကုန်တင်ပို့မှုခန့်မှန်းချက်အပေါ် အကျိုးသက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ပါက ဒေသ၏ပို့ကုန် တင်ပို့မှုသည် ၁၀ ရာခိုင်နှုန်းနှင့်အထက် မြင့်တက်နိုင်ကြောင်း ဖော်ပြထားသည်။

ဟောင်ကောင်ဒေသစုစုပေါင်းပို့ကုန်၏၇၀ ရာခိုင်နှုန်းမှာ လျှပ်စစ်ထုတ်ကုန်များဖြစ်ပြီး၊ အဆိုပါလျှပ်စစ်ထုတ်ကုန်များအနက် ထက်ဝက်ခန့် အမေရိကန်၏အကောက်ခွန်ကင်းလွတ်ခွင့်ရရှိသည့် ကုန်စည်များဖြစ်သောကြောင့် လျှပ်စစ်ထုတ်ကုန်များ တင်ပို့မှုအတွက် အပြုသဘောဆောင်သည့်အခြေအနေကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်ဟု HKTDC က ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

AI ဖွံ့ဖြိုးတိုးတက်မှုမှာ အသုံးပြုသည့်အဆင့်သို့ ရောက်ရှိလာပြီဖြစ်သောကြောင့် လျှပ်စစ်ထုတ်ကုန်များ၏ ဝယ်လိုအားမြင့်တက်လာကြောင်းနှင့် ထိုကဲ့သို့မြင့်တက်မှုမှာ တစ်နှစ်မှနှစ်နှစ်အထိ ကြာမြင့်နိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ထုတ်ကုန်များ အထူးသဖြင့် စီးပွားရေးလုပ်ငန်းသုံးအစိတ်အပိုင်းများမှာ ဈေးကွက်လိုအပ်ချက်ခိုင်မာသောကြောင့် ဟောင်ကောင်ဒေသပို့ကုန် တင်ပို့သူများအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်သည်ဟု HKTDC မှ သုတေသနညွှန်ကြားရေးမှူး Irina Fan Yuen-yee က ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

တရုတ်နှင့်အမေရိကန်နိုင်ငံတို့အကြား ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ရရှိပြီးနောက်ပိုင်း အမေရိကန်၏အခွန်တိုးမြှင့်ကောက်ခံမှုသည် ဟောင်ကောင်ပို့ကုန်တင်ပို့သူများအနေဖြင့် ၂၀၂၆ ခုနှစ်အတွက် အဓိကဦးစားပေးစိုးရိမ်ပူပန်စရာ အချက် (၃) ချက်တွင် မပါဝင်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေး၌ ရှုပ်ထွေးမှုများလျော့ကျလာသော်လည်း ၂၀၂၆ ခုနှစ်အထိ မရေရာမှုများရှိနေမည်ဖြစ်ကြောင်း၊ အကောက်ခွန်ဆိုင်ရာ စိန်ခေါ်မှုများကြောင့် စီးပွားရေးခေါင်းဆောင်များသည် ၎င်းတို့၏ အမေရိကန်နှင့် အမေရိကန်မဟုတ်သည့် စီးပွားရေးများအတွက် ရေရှည်မဟာဗျူဟာများရေးဆွဲနေကြပြီဖြစ်သည်ဟု HKTDC က ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

အမေရိကန်မှ တရုတ်နိုင်ငံအပေါ် တန်ပြန်သွင်းကုန်ခွန် ၂၀ ရာခိုင်နှုန်းကောက်ခံမှုသည် အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက တန်းတူ သို့မဟုတ် နိမ့်ကျသည့်နှုန်းထားဖြစ်ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံ၏ ထုတ်လုပ်မှုမြင့်မားပြီး ရင့်ကျက်သည့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်မှာ ကမ္ဘာ့ဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း၊ ထို့ကြောင့် ကုန်တင်ပို့သူအများစုအနေဖြင့် လာမည့်နှစ်တွင် နေရာပြောင်းလဲနိုင်ဖွယ်မရှိကြောင်း Fan က ပြောကြားခဲ့သည်ဟု ဖော်ပြထားသည်။

လက်ရှိအချိန်တွင် တရုတ်-အမေရိကန်တို့၏ အကောက်ခွန်ဆိုင်ရာ မရေရာမှုများကြောင့် HKTDC ၏ ၂၀၂၅ ခုနှစ်၊ စတုတ္ထလေးလပတ်အတွက် Export Confidence Index အနည်းငယ်ကျဆင်းနေသော်လည်း ၅၀ မှတ်ကန့်သတ်ချက် အထက်တွင် ရှိနေဆဲဖြစ်သောကြောင့် တိုးတက်လာနိုင်မည့် အလားအလာဖြစ်ကြောင်း၊ လာမည့်နှစ်နှစ်အတွင်း အာရှဒေသသည် ဟောင်ကောင်လုပ်ငန်းများ၏ ပို့ကုန်မြှင့်တင်ရေးအတွက် အချက်အခြာဒေသတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ စစ်တမ်းတွင်ပါဝင်ဖြေကြားသူများ၏ ၄၂ ရာခိုင်နှုန်းအနေဖြင့် တရုတ်ပြည်မသည် အဓိကဦးစားပေးဈေးကွက်ဖြစ်ပြီး၊ ဖြေဆိုသူ ၃၀ ဒသမ ၃ ရာခိုင်နှုန်းမှာ အာရှဒေသနှင့်၁၈ ဒသမ၉ရာခိုင်နှုန်းမှာ အာဆီယံဒေသတို့ကို ဦးစားပေးဈေးကွက်များအဖြစ်သတ်မှတ်ထားကြောင်းဖော်ပြထားသည်။

**Source : https://www.thestandard.com.hk/market/article/319110/**

**(နှင်းဇာလွှာ၊ စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့)**

## အာရှသို့ရေနံတင်ပို့မှုကို မြှင့်တင်ရန်ရည်ရွယ်၍ ရေနံပိုက်လိုင်း တည်ဆောက်မည့် ကနေဒါနိုင်ငံ



ကနေဒါဖက်ဒရယ်အစိုးရနှင့် ရေနံထုတ်လုပ်သော ကနေဒါနိုင်ငံ အယ်လ်ဘာတာပြည်နယ်တို့သည် အာရှဈေးကွက်သို့ တင်ပို့ရောင်းချနိုင်စေရန် ရည်ရွယ်၍ ရေနံပိုက်လိုင်းတည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MOU) ကို နိုဝင်ဘာလ ၂၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။

MOU အရ ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများသည် ဓာတ်ငွေ့ထုတ်

လွှတ်မှုနည်းသော ကတ္တရာစေး တစ်နေ့လျှင် အနည်းဆုံး စည်ပေါင်း ၁ သန်း သယ်ယူနိုင်သော ပုဂ္ဂလိကကဏ္ဍ ပိုက်လိုင်း ဖွံ့ဖြိုး တိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

စာချုပ်ပါ စည်းကမ်းချက်များအရ ဖက်ဒရယ်အစိုးရသည် မဟာဗျူဟာကျသော ရေနက်ဆိပ်ကမ်းမှ အာရှဈေးကွက်များသို့ ကတ္တရာစေးတင်ပို့မှုကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးပြောင်းလဲမှုများနှင့် မသေချာမရေရာမှုများကြောင့် ကနေဒါနှင့်အယ်လ်ဘာတာတို့သည် ပိုမိုခိုင်ခံ့ပြီး ရေရှည်တည်တံ့ကာ လွတ်လပ်သော အယ်လ်ဘာတာနှင့် ကနေဒါစီးပွားရေးကိုတည်ဆောက်ရန် မိတ်ဖက်အသစ်တစ်ခုကို ကြိုးပမ်းနေကြောင်း ကနေဒါဝန်ကြီးချုပ် Mark Carney က ပြောကြားခဲ့သည်။

ကနေဒါကို စွမ်းအင်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထုတ်လွှတ်မှုကိုတွန်းလှန်ပြီး ပို့ကုန်ဈေးကွက်များအား ကွဲပြားအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အကျိုးစီးပွားအတွက် စီမံကိန်းတစ်ခုအဖြစ် သတ်မှတ်ထားသော ပိုက်လိုင်း၏ လျှောက်လွှာကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက် နေ့ သို့မဟုတ် မတိုင်မီ အတည်ပြုချက်အတွက် အများဆုံး ၂ နှစ် အချိန်ကာလဖြင့် ပိုက်လိုင်းရုံးသို့တင်ပြရန် မျှော်လင့်ထားကြောင်း MOU အရ သိရသည်။

Source : Xinhua

https://www.doca.gov.mm/

## STOCK EXCHANGE (18.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Dec. 2025

Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 6,535 (Shares) | 17,395,150 (MMK) |

Stock trading

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,600 | 8,600 | 8,600 | 1 | 8,600 | 33,109,694 | 284,743 |
| MTSH | 00002 | 3,650 | +50 | +1.39% | 3,600 | 3,650 | 3,600 | 169 | 609,100 | 38,929,150 | 142,091 |
| MCB | 00003 | 8,000 | +200 | +2.56% | 8,000 | 8,000 | 8,000 | 130 | 1,040,000 | 10,400,986 | 83,208 |
| FPB | 00004 | 2,350 | -50 | -2.08% | 2,400 | 2,400 | 2,350 | 2,386 | 5,623,950 | 29,664,613 | 69,712 |
| TMH | 00005 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 34 | 105,400 | 12,823,224 | 39,752 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 1,172 | 1,893,800 | 19,977,223 | 32,962 |
| AMATA | 00007 | 3,850 | +50 | +1.32% | 3,750 | 3,850 | 3,750 | 53 | 199,100 | 10,497,598 | 40,416 |
| MAEX | 00008 | 3,100 | +50 | +1.64% | 3,050 | 3,100 | 3,050 | 2,590 | 7,915,200 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 18th Dec. 2025

Today's summary

| Index name | Close | Change | %Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 406.47 | +4.01 | +1.00% | 405.32 | 406.47 | 404.51 | 6,535 | 17,395,150 | 8 | 766,679 |

Index chart



## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 18th Dec. 2025

| Trading Volume | Trading Value |
| --- | --- |
| 7,400 (Shares) | 27,127,250 (MMK) |

## Main Board

As of 1:00 pm, 18th Dec. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
| --- | --- |
| 6,535 (Shares) | 17,395,150 (MMK) |

| MYANPIX | 406.47 ▲ 4.01 |
| --- | --- |
| Total Volume (shares) | 6,535 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 766,679 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 3,650 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 200 |
| FPB | 00004 | 2,350 | ▼ 50 |
| TMH | 00005 | 3,100 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,850 | ▲ 50 |
| MAEX | 00008 | 3,100 | ▲ 50 |

TIR